**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၇၂ ) ရက်စွဲ။ ၂၀၂၅ခုနှစ်၊ဇန်နဝါရီလ ၂၄ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | Mr Shin Hyunpil<br>ထုတ်လုပ်ရေးနှင့် စီမံခန့်ခွဲမှုမန်နေဂျာ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Shinsung Tongsang International Co., Ltd.<br>ဥဿမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဖုန်း-၀၉၈၈၀၇၉၆၆၇၃။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | စီမံကိန်းဧရိယာ(၅.၄၃၂) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ဥဿမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၆-၁၂-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၅-၁၂-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၁-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/အီးအိုင်အေ (၂၀၁၈/၂၀၂၄) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)"** |



၂၄-၁-၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Shinsung Tongsang International Co., Ltd.မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Shinsung Tongsang International Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ်(၇)၊ ပဲခူးစက်မှုဇုန်၊ ရပ်ကွက်ကြီး(၉)၊ ဥဿာမြို့သစ်၊ မြေဧရိယာ (၅.၄၃၂) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပဲခူးတိုင်းဒေသကြီး၏ ၁-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ(၂၀၁၈/ ၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Shin Hyunpil၊ ထုတ်လုပ်ရေးနှင့် စီမံခန့်ခွဲမှုမန်နေဂျာ၊ Shinsung Tongsang International Co., Ltd.၊ အမှတ် (၇)၊ ပဲခူးစက်မှုဇုန်၊ ပဲခူးတိုင်းဒေသကြီး၊ ဖုန်း-၀၉၈၈၀၇၉၆၆၇၃ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် CMPစနစ်ဖြင့် ကုန်ကြမ်းဖြတ်ခြင်း၊ စက်ချုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်းနှင့် ထုတ်ပိုးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဓိကကုန်ကြမ်းဖြစ်သည့် ချည်ထည်နှင့် အခြားသောတွဲဖက်ပစ္စည်းများအား ကိုရီးယားနိုင်ငံမှ တိုက်ရိုက်တင်သွင်းမည်ဖြစ်ပြီး စုစုပေါင်းအလုပ်သမား (၁,၇၂၀) ဦးဖြင့် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် (၇း ၃၀) မှ ညနေ (၄း ၁၀)ထိ ဖြစ်ပြီး စနေနေ့တွင် နံနက် (၇း ၃၀)မှ (၁၂း ၃၀)ထိ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေအသုံးပြုမှုအနေဖြင့် ရေတိုင်ကီ (၃)လုံးဖြင့် ဂါလန် (၁၀၀,၀၀၀) ခန့် သိုလှောင် ထားရှိမည်ဖြစ်ပြီး သောက်သုံးရေအတွက် ရေသန့်စက်ဖြင့် သန့်စင်ထားရှိမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်စွမ်းအင် အသုံးပြုမှုအနေဖြင့် မြို့နယ်ပင်မလျှပ်စစ်လိုင်းမှ ချိတ်ဆက်အသုံးပြုမည်ပြီး (၃၃) ကေဗွီအေ ထရန်စဖော်မာ (၁) လုံး တပ်ဆင်ထားရှိပါကြောင်း၊ လျှပ်စစ်မီးပြတ်တောက်ပါက (၃၇၅) ကေဗွီအေ မီးစက်(၂)လုံး၊ (၆၃၀) ကေဗွီအေ မီးစက် (၃) လုံးထားရှိမည်ဖြစ်ကြောင်း၊ လောင်စာဆီအသုံးပြုမှုအနေဖြင့် ဒီဇယ်အသုံးပြုမှုမှာ တစ်ရက်လျှင် (၁၂၀)ဂါခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ ဘွိုင်လာအသုံးပြုမှုအနေဖြင့် တစ်နာရီလျှင် (၂,၀၀၀) ကီလိုဂရမ် ထုတ်လုပ်နိုင်သော မီးရှို့ဘွိုင်လာဖြင့် စွန့်ပစ်အဝတ်အပိုင်းအစ

များအား  လောင်စာအဖြစ်အသုံးပြုမည်ဖြစ်ကြောင်း၊  ကုန်ကြမ်းပစ္စည်းနှင့်  စက်ပစ္စည်းများကို အောက်ဖော်ပြပါ ဇယားအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်-

**List of Annual Raw Materials**

| No. | Description | Unit | Monthly Quantity | Annual Quantity |
|---|---|---|---|---|
| 1. | Shell | Yards | 863,823.8 | 10,365,885.6 |
| 2. | Interlining | Yards | 185,105.1 | 2,221,261.2 |
| 3. | String | Pieces | 617,017 | 7,404,204 |
| 4. | Stopper | Pieces | 1,234,034 | 14,808,408 |
| 5. | Thread | Corn | 15,425.42 | 185,105 |
| 6. | Label | Pieces | 617,017 | 7,404,204 |
| 7. | Hang Tag | - | 617,017 | 7,404,204 |
| 8. | Poly Bag | - | 617,017 | 7,404,204 |

**List of Printing Ink**

| No | Description | | Annual Quantity | |
|---|---|---|---|---|
| 1. | SJS-3880 MATT BASE | | 50,000 | kg |
| 2. | SJS-THICKENER | | 50,000 | kg |
| 3. | SJS-HD | | 50,000 | kg |
| 4. | SJS-CAT 5000 | | 50,000 | kg |
| 5. | SG-2 Series | SG-2 CLEAR | 50,000 | kg |
| 6. | | SG 2 WHITE | 50,000 | kg |
| 7. | GLITTER | | 50,000 | kg |
| 8. | 3M POWDER (REFLECTIVE)/ 3M Glass Beads | | 50,000 | kg |
| 9. | ARTSION 605 | | 50,000 | kg |
| 10. | NP.SO Series | NP SO 4911 ORANGE | 50,000 | kg |
| 11. | | NP SO 4912 SCARLET | 50,000 | kg |
| 12. | | NP SO 4913 SUPER RED | 50,000 | kg |
| 13. | | NP SO 4916 PURPLE | 50,000 | kg |
| 14. | | NP SO 4921 LEMON YELLOW | 50,000 | kg |
| 15. | | NP SO 4922 YELLOW | 50,000 | kg |
| 16. | | NP SO 4923 GOLD YELLOW | 50,000 | kg |
| 17. | | NP SO 4932 MID GREEN | 50,000 | kg |
| 18. | | NP SO 4941 SKY BLUE | 50,000 | kg |
| 19. | | NP SO 4942 ROYAL BLUE | 50,000 | kg |
| 20. | | NP SO 4944 NAVY BLUE | 50,000 | kg |

| List of Printing Ink | | | | |
|---|---|---|---|---|
| No | Description | | Annual Quantity | |
| 21. | | NP SO 4950 BLACK | 50,000 | kg |
| 22. | | NP SO 4960 WHITE | 50,000 | kg |
| 23. | SG-1 Series | SG-1 WHITE | 50,000 | kg |
| 24. | | SG-1 BLACK | 50,000 | kg |
| 25. | | SG- 1 FL ORANGE | 50,000 | kg |
| 26. | | SG-1 T ORANGE | 50,000 | kg |
| 27. | | SG-1 CLAEN | 50,000 | kg |
| 28. | | SG-1 FL PINK | 50,000 | kg |
| 29. | | SG-1 SILVER | 50,000 | kg |
| 30. | | SG-1 LIGHT SILVER | 50,000 | kg |
| 31. | | SG-1 IPR | 50,000 | kg |
| 32. | | SG-1 PROCESS CYAN BLUE | 50,000 | kg |
| 33. | | SG-1 Additive | 50,000 | kg |
| 34. | SJS-3880 FL BLUE | | 50,000 | kg |

| List Of Machinerises and Equipments | | | | |
|---|---|---|---|---|
| No | Machine Name | Maker | Model No | Quantity (No) |
| A. | Cutting Operation | | | |
| 1. | Cutter Machine | - | - | 20 |
| 2. | Marker Machine | - | - | 2 |
| B. | Sewing | | | |
| 1 | 1Needle lockstitch auto trim | BROTHER | S6200DD.403 | 369 |
| 2 | 1Needle locktitch side knife | NO BRAND | BDL5490-7 | 20 |
| 3 | 2 Needle double chain manual | UNICORN | CN-H962 | 10 |
| 4 | 2 Needle lockstitch auto trim | BROTHER | T-8422C403 | 13 |
| 5 | 2 Needle lockstitch split needle | BROTHER | T-8452C-403 | 5 |
| 6 | 2 Needle overlock | PEGASUS | MX-5214-M03-32 | 394 |
| 7 | 3 Needle flat seam auto trim | KINGTEX | CDT9811-0-356M | 244 |
| 8 | 3 Needle flat seam cylinder bed | SHING LING | SL-2700 | 20 |
| 9 | 3 Needle flat seam left knife | KINGTEX | CTDG9311 | 52 |
| 10 | 3 Needle flat seam small bed | UNICORN | FM-7640 | 71 |
| 11 | 4 Needle flat seam feed off arm | KINGTEX | NTD6712-M5 | 60 |
| 12 | Bartack electronic | BROTHER | KE-430F-03 | 25 |
| 13 | Blind stitch hemming(sukui) | YAMATO | CM352/AT | 2 |
| 14 | Button hole electronic | BROTHER | HE-800A-03 | 24 |
| 15 | Button set electronic | BROTHER | BE-438 F | 16 |


| | | | | |
|---|---|---|---|---|
| 16 | Double chain Feed off arm | BROTHER | DA.9270-1 | 9 |
| 17 | Electronic pattern machine | BROTHER | BAS-311G-02A | 6 |
| 18 | Electronic pattern machine (big) | BROTHER | BAS-311HN-00KS | 8 |
| 19 | Inter overlock(safety) | PEGASUS | MX3216-03 | 13 |
| 20 | Overlock extra(special) | PEGASUS | EXT5214-M03 | 10 |
| 21 | Overlock small bed | PEGASUS | EX5114-03-/333N-2X4 | 22 |
| 22 | Picot | KANSAI | PX-302-4W | 4 |
| 23 | Tucking extra(special) | KANSAI | DFB-1412PSSM | 4 |
| 24 | Tucking front | KANSAI | FX-4421P | 24 |
| 25 | Zigzag auto trim | BROTHER | Z-8560A-431 | 15 |
| **C.** | **Finishing** | | | |
| 1. | Iron Table | - | - | 78 |
| 2. | Needle Deductor | - | - | 4 |
| **D.** | **Printing** | | | |
| 1. | Auto Machine | - | - | 5 |
| 2. | Semi Machine | - | - | 5 |
| 3. | Oval Machine | - | - | 2 |
| **E.** | **Embroidery** | | | |
| 1. | Embroidery Machine (Head 20) | - | - | 11 |
| 2. | Embroidery Machine (Head12) | - | - | 2 |
| **F** | **Other Types of Machines** | | | |
| 1. | Boiler | - | - | 1 |
| 2. | Air Compressor | - | - | 1 |
| 3. | Transformer | - | - | 1 |
| 4. | Generator | - | - | 5 |

**၅။ စီမံကိန်းတည်နေရာ။** မြေဧရိယာ (၅.၄၃၂)၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ ပဲခူးစက်မှုဇုန်၊ အမှတ်(၇)၊ ပဲခူးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။


**Shinsung Tongsang International Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ်(၇)၊ ပဲခူးစက်မှုဇုန်၊ ရပ်ကွက်ကြီး(၉)၊ ဥဿာမြို့သစ်၊ မြေဧရိယာ (၅.၄၃၂) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း၏ တည်နေရာပြမြေပုံ**



**Shinsung Tongsang International Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ်(၇)၊ ပဲခူးစက်မှုဇုန်၊ ရပ်ကွက်ကြီး(၉)၊ ဥဿာမြို့သစ်၊ မြေဧရိယာ (၅.၄၃၂) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း၏ Layout Plan**



## Shinsung Tongsang International Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ်(၇)၊ ပဲခူးစက်မှုဇုန်၊ ရပ်ကွက်ကြီး(၉)၊ ဥဿာမြို့သစ်၊ မြေရိယာ (၅.၄၃၂) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူမှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ်(၇)၊ ပဲခူးစက်မှုဇုန်၊ ရပ်ကွက်ကြီး(၉)၊ ဥဿာမြို့သစ်၊ မြေရိယာ (၅.၄၃၂) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပဲခူးတိုင်းဒေသကြီး၏ ၁-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ(၂၀၁၈/ ၂၀၂၄) ဖြင့်တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် CMPစနစ်ဖြင့် ကုန်ကြမ်းဖြတ်ခြင်း၊ စက်ချုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်းနှင့် ထုတ်ပိုးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဝင်းအတွင်းရှိ ဖုန်ထူသောနေရာများကို ရေဖျန်းရန်၊

(၂) မီးစက်များနှင့် မော်တော်ယာဉ်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၃) ဆာလဖာပါဝင်မှုနည်းသော ဒီဇယ်ဆီကို အသုံးပြုရန်၊

(၄) ဘွိုင်လာတွင် Cyclone တပ်ဆင်ထားရှိ၍ အမှုန်အမွှားများ ဖယ်ရှားခြင်းနှင့် Cyclone စနစ်ကောင်းမွန်စွာ လည်ပတ်နိုင်ရေး ပုံမှန် စစ်ဆေးထိန်းသိမ်းရန်၊

(၅) လေထုညစ်ညမ်းမှုအား ထိန်းချုပ်နိုင်ရေး ဒေသရင်းမျိုးစိတ်(သို့) ကြီးမြန်သစ်မျိုးများအား စိုက်ပျိုးခြင်းနှင့် လေကာတန်းအပင်များ စိုက်ပျိုးရန်၊

(၆) လေအရည်အသွေးကောင်းမွန်စေရေး သင့်လျော်သော လေဝင်လေထွက်စနစ်အား ကုန်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆေးဆိုးပန်းရိုက်လုပ်ငန်းတွင် တပ်ဆင်ထားရှိရန်၊

ပြည်ထောင်စု နေပြည်တော်

(၇) ဆေးဆိုးပန်းရိုက်လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ VOCs ရှူရှိုက်မှု လျော့နည်းစေရေး အသက်ရှူဆိုင်ရာ ပစ္စည်းများအား ထောက်ပံ့ပေးရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိလ္လာရေနှင့် အထွေထွေစွန့်ပစ်ရေများအား ပဲခူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ စွန့်ပစ်ရန်၊

(၂) သင့်လျော်ကောင်းမွန်သော ရေဆိုးသန့်စင်စနစ်အား တပ်ဆင်အသုံးပြုရန်၊

(၃) အထွေထွေစွန့်ပစ်ရေ စွန့်ထုတ်မှုအား ပုံမှန်စောင့်ကြပ်ကြည့်ရှုရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သယ်ယူပို့ဆောင်ရေးယာဉ်များအား ပုံမှန်စစ်ဆေးထိန်းသိမ်းရန်၊

(၂) ပုံတံဆိပ်ရိုက်ရာတွင် အသုံးပြုသော ကြွင်းကျန်မှင်(သုတ်ဆေး) များအား ဂရုတစိုက် ကိုင်တွယ်အသုံးပြုခြင်းနှင့် သက်ဆိုင်ရာ အမှိုက်စွန့်ပစ်ရာနေရာသို့ ခွဲခြားစွန့်ပစ်ခြင်း တို့ကို ဆောင်ရွက်ရန်၊

(၃) အမှိုက်များအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့် အညီ စွန့်ပစ်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ကိရိယာများ၊ မော်တော်ယာဉ်များနှင့် စက်ယန္တရားများအားလုံးကို ပုံမှန်ပြုပြင် ထိန်းသိမ်းရန်၊

(၂) ဒီဇယ်မီးစက်များကို လူနေရပ်ကွက်များ၊ စက်ရုံအလုပ်သမားများနှင့် ဝေးကွာစွာ ထားရှိရန်၊

(၃) ဆူညံသံကျယ်လောင်သော နေရာများတွင် အလုပ်လုပ်သော စက်ရုံ အလုပ်သမား များ အတွက် နားကြပ်များ ထောက်ပံ့ပေးရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုံလောက်သော အမှိုက်ပုံးများထားရှိခြင်းနှင့် အမှိုက်များအား ယာယီအမှိုက် သိုလှောင်ရေယာတွင် သိုလှောင်ထားရှိ၍ စည်ပင်သာယာရေးအဖွဲ့သို့ စနစ်တကျ စွန့်ပစ်ရန်၊

(၂) စီမံကိန်းလည်ပတ်ရာမှ ထွက်ရှိလာသော စွန့်ပစ်အမှိုက်များ (ချည်ဖြတ်စများ၊ အရည်အသွေး မပြည့်မီသော အဝတ်အထည်များနှင့် စက္ကူများ) အား ဓိုလောင်စာ အဖြစ် ဘွိုင်လာလည်ပတ်ရာတွင် ပြန်လည်အသုံးပြုရန်၊

(၃) ဘွိုင်လာလည်ပတ်ရာမှ ထွက်ရှိလာသောပြာများအား မြေဖို့ခြင်း လုပ်ငန်းစဉ်တွင် မြေလွှာတစ်ထပ်စီခင်း၍ အသုံးပြုရန်၊

(၄) ပလတ်စတစ်ဖုံးခွံများ၊ စာရွက်များအား တူညီသောနေရာ၊ နည်းလမ်းဖြင့် ပြန်လည် အသုံးပြုရန်။

(ဈ) **ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအတွက် အမှိုက်ပုံးများ ထားရှိရန်၊

(၂) မြို့နယ်စည်ပင်သာရေးအဖွဲ့သို့ မစွန့်ပစ်မီ ကြွင်းကျန်မှင်(သုတ်ဆေး)များအား သိုလှောင်ရုံတွင် ခေတ္တသိုလှောင်ထားရန်၊

(၃) အမှိုက်များအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဥပဒေနှင့် နည်းလမ်းများနှင့်အညီ ခွဲခြား၍ သတ်မှတ်ထားသည့် စွန့်ပစ်နေရာတွင် စွန့်ပစ်ရန်၊

(၄) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ၏ သိုလှောင်ရုံနှင့် စွန့်ပစ်ပုံစံအား ပုံမှန်စောင့်ကြပ်ကြည့်ရှုအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ၏ သိုလှောင်ရုံနှင့် စွန့်ပစ် ပုံစံအား ပုံမှန်စောင့်ကြပ်ကြည့်ရှုရန်။

(ည) **အနံ့ဆိုးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနံ့ဆိုးထွက်ရှိမှုလျော့နည်းစေရေးအတွက် ကုန်ထုတ်လုပ်ငန်းစဉ်မှထွက်ရှိသော အဝတ်အထည်စများအား အပြည့်အဝလောင်ကျွမ်းစေရေး ဘွိုင်လာမီးဖိုအပူချိန်အား သတ်မှတ်ထားသည့် အပူချိန်အမြင့်အတိုင်း တစ်သတ်မတ်တည်း ထားရှိရန်၊

(၂) ဘွိုင်လာအတွင်းရှိသော လေဝင်လေထွက်စနစ်၏ အပေါက်များမှ လစဉ်သန့်စင်ခြင်း လုပ်ဆောင်ပေးခြင်းဖြင့် အဝတ်အထည်များအား အပြည့်အဝလောင်ကျွမ်းစေရန်၊

(၃) ဘွိုင်လာမီးခိုးခေါင်းတိုင်တွင် စနစ်သုံးလေစစ်အိတ်များ တပ်ဆင်ထားရှိရန်၊

(၄) ယာယီအမှိုက်စွန့်ပစ်သည့်နေရာအား အလုပ်သမားများနှင့် ဝေးကွာစွာ ထားရှိရန်။

(ဋ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအား တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPE)များ ဝတ်ဆင်စေရန်၊

(၂) လုပ်သားများအား ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများပို့ချ ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းလုပ်ဆောင်ချက်များအလိုက် သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်အတွင်း မတော်တဆဖြစ်မှုများအတွက် ရှေးဦးသူနာပြု ပစ္စည်းများ လုံလောက်စွာ ထားရှိရန်၊

(၅) အလုပ်ချိန်အတွင်း တရားမဝင်မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာ သောက်စားခြင်းကို လုံးဝတားမြစ်ရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးအား လုပ်ငန်းခွင်အတွင်း Carbon dioxide, Carbon monoxide, Methane, Nitrogen dioxide, Ozone, Particulate Matter ($PM_{10}$), $PM_{2.5}$, Sulphur dioxide, Volatile Organic Compound, Humidity, Temperature စသည့် ပါရာမီတာတို့ကို တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြပ်ကြည့်ရှု တိုင်းတာစစ်ဆေးရန်၊

(၂) မြေအောက်ရေအရည်အသွေးအား အဝီစိတွင်းရေရှိ Ture Colour, Turbidity, Hardness, Chloride, Nitrate, Arsenic, Iron, Lead, Manganese, Sulfate, pH, temperature, TDS, Conductivity, Salinity စသည့် ပါရာမီတာတို့ကို တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြပ်ကြည့်ရှု တိုင်းတာစစ်ဆေးရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးအား လုပ်ငန်းခွင်အတွင်း True Colour, Ammonia, Copper, Zinc, Nickel, Sulfide, Phenol, Oil and Grease, Total Nitrogen, Cadimium, BOD, COD, Total Phosphorous, TSS, Chromium (Hexavalent) and Total coliform Count, pH, Temperature, TDS, Conductivity, Salinity စသည့် ပါရာမီတာတို့ကို တစ်နှစ်လျှင် နှစ်ကြိမ်စောင့်ကြပ်ကြည့်ရှု တိုင်းတာစစ်ဆေးရန်၊

(၄) မြေအရည်အသွေး၊ ဆူညံသံ၊ တုန်ခါမှု၊ အနံ့၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့အား စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့အစည်း၊ နေရာ၊ အကြိမ်ရေနှင့် ဂေဟာစနစ်၊

ယဉ်ကျေးမှု အမွေအနှစ်၊ လူမှုပတ်ဝန်းကျင်အပေါ်ထိခိုက်မှု အခြေအနေအား လုပ်ငန်းစတင်သည့် ကာလမှ ပိတ်သိမ်းပြီးကာလအထိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်။

(ဌ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိဒေသခံများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဎ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်ခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များအတွက် လျာထားအသုံးစရိတ် နှစ်စဉ် ကျပ် (၇၈) သိန်းခန့် သုံးစွဲမည်ကို လိုက်နာရန်၊

(၂) လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်တွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များအတွက် လျာထားအသုံးစရိတ် နှစ်စဉ် ကျပ် (၅၇) သိန်းခန့် သုံးစွဲမည်ကို လိုက်နာရန်၊

(၃) လုပ်ငန်းလည်ပတ်ခြင်းကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထား အသုံးစရိတ် နှစ်စဉ် ကျပ် (၉၅) သိန်းခန့် သုံးစွဲမည်ကို လိုက်နာရန်၊

(၄) လုပ်ငန်းပိတ်သိမ်းခြင်းကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထား အသုံးစရိတ် နှစ်စဉ် ကျပ် (၇၂) သိန်းခန့် သုံးစွဲမည်ကိုလိုက်နာရန်၊

(၅) ဘေးအန္တရာယ် ကာကွယ်ရေး၊ ကျန်းမာရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများအစီအစဉ်အတွက် လျာထားအသုံးစရိတ် နှစ်စဉ် ကျပ် (၁၀) သိန်းခန့် သုံးစွဲမည်ကို လိုက်နာရန်၊

(၆) လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်အတွက် လျာထား အသုံးစရိတ် နှစ်စဉ် ကျပ်(၄၀) သိန်းခန့် သုံးစွဲမည်ကိုလိုက်နာရန်၊

ငြိမ်းအောင်ရှ ဖော်ကြီးများ

(ဂ) ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် လုပ်ငန်း၏ စုစုပေါင်း အမြတ်ငွေမှ (၂%) အား သုံးစွဲမည်ကို လိုက်နာရန်။

(ဃ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါဖော်ပြပါ စည်းကမ်း ချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ် များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေး များ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ် ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ် ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား

ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကိုလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တစ်ဖက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်း ကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(ဂ) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(ဃ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက်တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင်တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန်အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့်ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည်သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကိုလက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာ

မှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစား ပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာ ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက်(၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်ဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူ သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထား ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီးပထမ(၂)နှစ်အတွင်း စီမံကိန်း ၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော် ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန် တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊



(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏

ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---